မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၉ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၈၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်

တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်းမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုဖော်ပြနေ

တာဝန်ကျရာ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများအား ကာကွယ်စောင့်ရှောက်

မိန့်ခွန်းပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၈

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကလောတပ်နယ်မှူး၊ ဗထူးတပ်နယ်မှူး နှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်း ဗိုလ်လောင်းများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဗိုလ်လောင်း တပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ချီတက်အလေးပြု

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲ များအား စစ်ဆေးပြီး ဗိုလ်လောင်းတပ်ခွဲများ၏ အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြု ခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၄)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၅၉) ဗိုလ်လောင်းဖြိုးဝေအောင်အား ငွေဓားဆုချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၉ ရက်)

လူ့ဘောင်လောက သာယာဝပြောရေး စည်းကမ်းဟူက အစဉ်လိုက်နာ

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်။ စည်းကမ်းရှိသောသူသည် တိုးတက်၏။ စည်းကမ်းလိုက်နာသောသူသည် ဘေးအန္တရာယ်ကင်းသည်။လူတစ်ဦးချင်းစီတွင်လည်းကောင်း၊လူ့အဖွဲ့အစည်းတွင်လည်းကောင်း၊ ဌာနအလိုက်သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း၊ နိုင်ငံအလိုက်သော်လည်းကောင်း သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများရှိရာ အဆိုပါ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်သည်။

စည်းကမ်းကို ငယ်စဉ်အခါမှ အစပြုပြီး လိုက်နာကျင့်သုံးသူသည် ယင်းစည်းကမ်းလိုက်နာသူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်၊ စိတ်အနှောင့်အယှက်မဖြစ်။ စည်းစနစ်မရှိ နေလာခဲ့သူသည် သတ်မှတ်စည်းကမ်းကို လိုက်နာဆောင်ရွက်ရခြင်းအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေတတ်သည်။

ကျောင်းသားဘဝတွင် ကျောင်းစည်းကမ်းကို တိကျစွာလိုက်နာသော ကျောင်းသားများအတွက် စနစ်တကျ စာဖတ်ခြင်း၊ မှတ်သားခြင်း၊ စာကျက်မှတ်ခြင်းတို့ကို နေ့စဉ်ပြုလုပ်သွားလျှင် စာမေးပွဲကို အခက်အခဲမရှိ အောင်မြင်မှုရရှိနိုင်သည်။

လမ်းပေါ်တွင် သတ်မှတ်သည့် လမ်းစည်းကမ်းအတိုင်း ခရီးသွားများသည် လူကူးမျဉ်းကြားမှ ဖြတ်ကူးခြင်း၊ ယာဉ်များသည် သတ်မှတ်သည့် ယာဉ်ကြောမှ မောင်းနှင်ခြင်းစသည်ဖြင့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြပါက ယာဉ်အန္တရာယ်ကင်းရှင်းပြီး လိုရာခရီးသို့ ချောမောစွာရောက်ရှိကြမည်ဖြစ်သည်။

လူမှုအသိုင်းအဝိုင်း၌ နေ့စဉ်ဆောင်ရွက်နေကြသည့် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ စည်းကမ်းနှင့်အညီ ပြုမူကျင့်ကြံနေထိုင် ဆောင်ရွက်သွားကြပါက နိုင်ငံကြီးသားတစ်ဦးအဖြစ် တန်ဖိုးရှိသော လူနေမှုအဆင့်အတန်းကို ရရှိကြမည်ဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် စည်းကမ်းဖြင့် စနစ်တကျ ကျင့်ကြံနေထိုင်သွားပါက မိမိ၏မိသားစု၊ မိမိ၏ရပ်ရွာ၊ မိမိ၏ဒေသ၊ မိမိ၏နိုင်ငံသည် အစဉ်တိုးတက်နေမည်ဖြစ်ပြီး သာယာဝပြောသော လူ့ဘောင်လောကကို အစဉ်ထာဝရ ရရှိပိုင်ဆိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းများဆင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်း(အရာထမ်း) အမှတ်စဉ် (၁/၂၀၁၁)နှင့် ရုံးသုံးကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၁/ ၂၀၁၁) သင်တန်းများဆင်းပွဲ အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးကျော်စွာခိုင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းဆင်းပွဲသို့ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၅၉ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူ၌ နှစ်ပေါ်းထွန်တုံးပိတ် ရွှေတန့်တစ်မြစ်ရေတင်ဒေသ၌ ၅၅၁ ဧက စိုက်ပျိုးပြီးဖြစ်

ပခုက္ကူ ဧပြီ ၈

၂၀၁၁ ခုနှစ် နှမ်းစပါးထွန်တုံးပိတ်ပွဲကို မတ် ၃၀ ရက် ညနေ ၄ နာရီက ပခုက္ကူမြို့နယ် ကွမ်းရွာအုပ်စု ရွှေတန့်တစ်ကျေးရွာ ကွင်းအမှတ်(၃၁၄)၊ ဦးပိုင်အမှတ်(၃၃/၁)တောင်သူ ဦးဇော်ဝင်း၏လယ်မြေ၌ ကျင်းပသည်။

စိုက်ပျိုးခဲ့

ပခုက္ကူမြို့နယ် ရွှေတန့်တစ်မြစ်ရေတင်ဒေသတွင် နှမ်းစပါးစိုက်ပျိုးရန် ၅၅၁ ဧက လျာထားခဲ့ရာ စီမံကိန်းစိုက်ပျိုးဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထွန်တုံးပိတ်ပွဲ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဟန်ထွန်းအောင်နှင့် မြို့နယ်စိုက်ပျိုးမြှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကောက်စိုက်လုံမများ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)** (၁၀၂)

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ပကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဧပြီ ၈

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်များအား ဂျပန်နိုင်ငံ IZUMI SEIKA Co., Ltd. မှ President, Mr. Yoshitala KUTSUNA ခေါင်းဆောင်သော အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၈ ရက် နံနက်ပိုင်းကလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အာရှနှင့် အာဖရိကဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူးချုပ် Mr. Sergey V. Chernyshow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်လည်းကောင်း၊ ထိုနေ့ညနေတွင် ဩစတြေးလျအနောက်ပိုင်း ကုန်သည်များအသင်းမှ အမှုဆောင်အရာရှိချုပ်နှင့် အဖွဲ့ဝင်လေးဦးတို့သည်လည်းကောင်း အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံပွဲတွင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ကုန်သည်/စက်မှုအသင်းချုပ်)**

ကွင်းဆင်းစစ်ဆေး

လှိုင်ကော်မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးကျော်သူ၊ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးနှင့်အဖွဲ့ မြို့ဝင်ဆိုင်းဘုတ်အသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် မတ် ၂၈ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ထားဝယ်ရိုးရာ သင်္ကြန်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

နှစ်စဉ် ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန်နှင့် ရိုးရာမုန့်မျိုးစုံလှူပွဲကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အမှတ် ၈၂၈ မဟာဗန္ဓုလလမ်း လမ်းမတော်မြို့နယ်ရှိ ထားဝယ်အသင်း၌ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသား၊ ထားဝယ်သူ ထားဝယ်သားများနှင့် မိတ်ဆွေသင်္ဂဟများ တက်ရောက်ကြရန် အသင်းအမှုဆောင်အဖွဲ့မှ ဖိတ်ကြားထားကြောင်း သိရှိရသည်။

(ထားဝယ်အသင်း)

ကျိုက်ထိုမြို့ အထက(၁) ကျောင်းသားများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ကျိုက်ထို ဧပြီ ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့ အထက(၁) ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရောက်ရှိနေသည့် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများ၊ ယခုအချိန်အထိ ပညာသင်ကြားပေးလျက်ရှိသော အသက် ၅၀အထက် ဆရာ ဆရာမများနှင့် ပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူများ ဦးလှသန်း ဖုန်း-၀၅၇-၆၀၅၁၄၊ ဦးသိန်းဇော် ဖုန်း-၀၉-၄၉၂၃၈၇၆၇၊ ဦးဝေလင်းအောင် ဖုန်း-၀၉-၄၉၈၁၈၂၇၇ နှင့် ဦးတင့်လွင် ဖုန်း-၁၅၇၆၀၂၁၁ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

ကျေးရွာချင်းဆက် မြေသားလမ်းခင်း

ရှာင် ဧပြီ ၈

ရှာင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျောက်ငဲ့-ဆင်စာပြား-လေးဝေကျေးရွာချင်းဆက် မြေသားလမ်းပိုင်းကို မတ် ၂၅ ရက်က မြေဖို့ပြုပြင်ခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း ပြုပြင်ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေး၊ တာဝန်ခံအင်ဂျင်နီယာနှင့် ကျေးရွာများမှ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်ပေး

အဆိုပါ မြေသားလမ်း အရှည်ပေ ၁၅၀၀ကို ကျောက်ချောလမ်းအဖြစ် ၂၀၁၁-၂၀၁၂ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၌ လက်ဖက်စိုက်ခင်း ငါးဧကတွင် လက်ဖက်ပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ/စစ်သည် မိသားစုဝင်များအားတွေ့ဆုံ

အင်းလေးဖောင်တော်ဦးဘုရားနှင့် အလိုတော်ပေါက်ဘုရားအား ဖူးမြော်ကြည်ညို ဗထူးတပ်နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအား လှည့်လည်စစ်ဆေး

နေပြည်တော် ဧပြီ ၈

ရှမ်းပြည်နယ်တောင်ကြီးမြို့၌ ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဧပြီ ၇ ရက် နံနက် ၇ နာရီခွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ/စစ်သည်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ ဩဝါဒစကားပြောကြား သည်။

ထို့နောက် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ/စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကပ်လှူ

ယင်းနောက် ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ ဝင်များသည် အင်းလေးဖောင်တော်ဦး ဘုရားသို့ ရောက်ရှိကြကာ အင်းလေး ဖောင်တော်ဦးဘုရားအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ကို ကပ်လှူ ပူဇော်ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်း များ ကပ်လှူကြသည်။

ထို့နောက် ဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကာ ဘက်စုံပြုပြင် မွမ်းမံထားရှိမှုများကို လှည့်လည်ကြည်ညိုသည်။

ထိုမှတစ်ဆင့် အလိုတော်ပေါက် ဘုရားသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွား တော်မြတ်အား ပန်း၊ ရေချမ်း၊ သစ်သီး တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညို ၍ ရွှေသင်္ကန်းများကပ်လှူကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့ဝင်များသည် ဘုရားကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

အားပေးစကားပြောကြား

ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် ဗထူးတပ်မြို့ တပ်မတော်ဆေးရုံသို့ ရောက်ရှိကာ အမျိုးသမီးလူနာဆောင် နှင့် အမျိုးသားလူနာဆောင်တွင် တက် ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသော စစ်သည်မိသားစုများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် ဗထူးတပ်မြို့ တပ်မတော်ဆေးရုံ အဆောက်အအုံ အကွက်ချပုံစံကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ ကို မှာကြားသည်။

ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ၏ နို့စားနွားမွေးမြူရေးခြံ၌ နို့စား နွားများအား နို့ညှစ်စက်ဖြင့် နို့ညှစ် နေမှုနှင့် မွေးမြူထားမှု၊ ဘဲမွေးမြူ ထားရှိမှု၊ ဗထူးစမ်းမှ သဘာဝရေထွက် ရှိမှု၊ နို့စစ်ခန်း၌ ထွက်ရှိသော နွားနို့ မခမ်း၊ ထောပတ်၊ ခရင်မ် စသည့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုတို့ ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြ သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လက်ဖက်စိုက်ခင်း ငါးဧကတွင် လက်ဖက်ပင်များ စိုက်ပျိုး ထားရှိမှုနှင့် အရိပ်ရလေကာ၊ နေကာပင် များ၊ နှစ်ရှည်ပင်များ ပျိုးထောင်ထားမှု ကိုလည်းကောင်း၊ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)ရှိ အောင်ဆန်းခန်းမကြီး ပြုပြင်ထိန်းသိမ်း ထားရှိမှုကို လည်းကောင်း၊ အာဆီယံ နိုင်ငံ တပ်မတော်(ကြည်း)များ သေနတ် ပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း) များဆိုင်ရာ စက်ပစ်ကွင်းတည်ဆောက် ရေးစီမံကိန်းကို လည်းကောင်း၊ စက်ပစ် ကွင်း၌ ပွဲကြည့်ဆောင် တည်ဆောက် ရန်အတွက် ပုံစံငယ်ထုတ်ထားမှုကို လည်းကောင်း၊ မီတာ ၁၀၀ ပစ္စတို စက်ပစ်ကွင်း၌ ပြသထားသည့် ပေါ်ပျောက်စက်နှင့် ရွေ့လျားစက်များ ဖြင့် လက်တွေ့သရုပ်ပြမှုနှင့် အာဆီယံ နိုင်ငံ တပ်မတော်(ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများကို လည်း ကောင်း ကြည့်ရှုစစ်ဆေးသည်။

ကျင်းပခဲ့

အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော် များ ချစ်ကြည်ရင်းနှီးမှုရှိစေရန်နှင့် သေနတ်ပစ်စွမ်းရည် တိုးတက်မြင့်မား စေရန် ရည်ရွယ်၍ ၁၉၉၁ ခုနှစ်မှ စတင်ကာ ကျင်းပခဲ့သည်။

၁၉၉၉ ခုနှစ် (၉)ကြိမ်မြောက် ပြိုင်ပွဲအထိ သေနတ်ပစ်ပြိုင်ပွဲဝင် အသင်း ခြောက်နိုင်ငံသာ ပါဝင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် (၁၀)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲမှစ၍ အာဆီယံ အဖွဲ့ဝင်(၁၀) နိုင်ငံစလုံး ပါဝင်ယှဉ်ပြိုင် ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နို့ထွက်ပစ္စည်းများ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၏ နို့စားနွားမွေးမြူရေး ခြံ၌ နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၌ အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖူးမျှော်ကြည်ညို

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အင်းလေးဖောင်တော်ဦးဘုရားအား ဖူးမျှော်ကြည်ညိုစဉ်။
(သတင်း-၃) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၄-၂၀၁၁
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ကဗျာပန်းဉယျာဉ်
၈:၀၅ ၇။ ခါသကြန်အဆို၊အကများ
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၂၅ ၉။ **အသိစိတ်ကလေး အရင်းတည်၍**
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ ခါသကြန်အဆို၊အကများ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၁၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေအသင်းနှင့် ဉဿာယူနိုက်တက်အသင်း)
၅:၀၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၂၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၃၀ ၄။ ခါသကြန်အဆို၊အကများ
၅:၄၀ ၅။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၅:၅၀ ၆။ ခါသကြန်အဆို၊အကများ
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၃၅ ၁၀။ ယဉ်တစ်ကိုယ်မယ်(ဝမ်း)
၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၂)
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ မိဘအမွေ(ဖော်လားကမ်ဖန်၊ N မွန်ပောင်လုံ)
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၃)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၂၀) (ဇာတ်သိမ်းပိုင်း)
၁၈။ **ဂီတတံခါးလေးဖွင့်ပါဦး**
၁၉။ အစီအစဉ်ပြီး၏။

မြဝတီရုပ်မြင်သံကြား

၉-၄-၂၀၁၁
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၉။ ခါသကြန်အဆိုအကများ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၄။ အဖွင့်သီချင်း
၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဇလကြီး** (အပိုင်း-၄၅)
၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **အနှိုင်းမဲ့ကြိုး** ဟိန်းဝေယံ၊ အိန္ဒြာကျော်ဇင်၊ နန်းဆုရတီစိုး [ဒါရိုက်တာ-မောင်ဗေဒါ]
၁၃:၃၀ ၈။ ခါသကြန်အဆိုအကများ
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၅၆)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၇ ၃။ နိုင်ငံတော်သီချင်း
၄:၁၃ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၂၃ ၇။ မြန်မာသံစဉ်
၄:၄၀ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၅၀ ၉။ ကုန်သွယ်သုတ
၄:၅၅ ၁၀။ မီးသတိပေးနှိုးဆော်ချက်
၅:၁၀ ၁၁။ ခါသကြန်အဆိုအကများ
၅:၂၀ ၁၂။ ပျော်ရွှင်စရာသရုပ်ဆောင် ကမ္ဘာ
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၅။ လျှပ်တစ်ပြက်
၆:၂၅ ၁၆။ **စားဖို့ဆောင်ချစ်သူ**
၆:၅၀ ၁၇။ ထူးခြားဆန်းပြား ကမ္ဘာ့တစ်လွှား
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာ့စံအိမ်** (အပိုင်း-၁၀)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ လူရွှင်တော်စကား
၂၄။ အင်္ဂလိပ်စာသုတ
၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၁)
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၄၃)

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် အာဆီယံနိုင်ငံများအတွင်း ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ပါလီမန်အမတ်များ၏ အခန်းကဏ္ဍ နှီးနှောဖလှယ်ပွဲသို့

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် ဧပြီ ၈

ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဆန်ဒက်အဂ္ဂမဟာ မိုဟာပွန်ဟက်ချက်ကရီ မစ္စတာဟန်ဆင်မရင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ ဧပြီ ၃ရက်မှ ၆ရက်အထိ သွားရောက်ခဲ့သည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အဖွဲ့ဝင်များအဖြစ် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ အဖွဲ့ဝင် ဦးခက်ထိန်နန်တို့ ပါဝင်ကြပြီး အဖွဲ့အတွင်းရေးမှူးအဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း လိုက်ပါသည်။

ပါဝင်ဆွေးနွေး

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၃ ရက်မှ ၆ရက်အထိ အာဆီယံပါလီမန်အမတ်များ ညီလာခံက ကြီးမှူးပြီး ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် "အာဆီယံနိုင်ငံများအတွင်း ရွှေ့ပြောင်းလုပ်သားများ ဆိုင်ရာ ပါလီမန်အမတ်များ၏ အခန်းကဏ္ဍ" နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့ပြီး ဦးမြညိမ်းက ပါဝင်ဆွေးနွေးသည်။

မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးမြညိမ်းသည် ဧပြီ ၄ ရက် ဆွေးနွေးပွဲအပြီးတွင် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအား သီးခြားတွေ့ဆုံပြီး မြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပေးပို့သည့် မြန်မာနိုင်ငံမှ အာဆီယံပါလီမန် အမတ်များ ညီလာခံသို့ တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ရန် အကြောင်းကြားစာကို ညီလာခံအလှည့်ကျသဘာပတိ မစ္စတာဟန်ဆင်မရင်ထံ ပေးအပ်ခဲ့သည်။ မစ္စတာဟန်ဆင်မရင်ကလည်း မြန်မာနိုင်ငံလွှတ်တော် ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများ ကြားသိရ၍ များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံမှ အဆင့်မြင့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်သည့်အတွက်များစွာကျေးဇူးတင်ပါကြောင်း၊ တင်းပြည့် အဖွဲ့ဝင်ဖြစ်ရေးအတွက် ကမ္ဘောဒီးယားနိုင်ငံက ယခုနှစ်အတွင်း လက်ခံကျင်းပမည့် ညီလာခံတွင် ဆုံးဖြတ်ချက် ရယူဆောင်ရွက်မည် ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ဧပြီ ၅ရက်ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်သို့ ဖိတ်ကြားပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အာဆီယံပါလီမန်အမတ်များ ညီလာခံအဖွဲ့ဥက္ကဋ္ဌ၊အမျိုးသားလွှတ်တော်ကော်မရှင်ခေါင်းဆောင် ဒေါက်တာ ချီယန်ရီ ဦးဆောင်၍ ကော်မရှင်ဥက္ကဋ္ဌများပါဝင်သော အဖွဲ့က နှစ်နိုင်ငံလွှတ်တော်များ ချစ်ကြည်စွာ လက်တွဲပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ၊ တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ရေး လုပ်ငန်းအစီအစဉ်များကို ရင်းနှီးစွာတွေ့ဆုံဆွေးနွေးကြသည်။ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဦးမြညိမ်းနှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှု၊ လွှတ်တော်အဆင့်ဆင့်ဖွဲ့စည်းမှုနှင့် လာမည့်ညီလာခံတွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ပြန်လည် ဆွေးနွေးကြသည်။

နှီးနှောဖလှယ်ပွဲ ကျင်းပနေစဉ်အတွင်း မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယား အမျိုးသားလွှတ်တော် နိုင်ငံခြားရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပြန်ကြားရေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာချီဟိန်ဗန်က လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လွှတ်တော်များအကြား ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် "အာဆီယံနိုင်ငံများအတွင်း ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ပါလီမန်အမတ်များ၏ အခန်းကဏ္ဍ" နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

တာချီလိတ်မြို့နယ် ကျိုင်းလပ်အထက် မဲခေါင်မြစ်အတွင်း တရုတ်နိုင်ငံ ကုမ္ပဏီတစ်ခုပိုင် သင်္ဘောသုံးစင်းနှင့် သင်္ဘောကပ္ပတိန်သုံးဦး ဖမ်းဆီးခံရမှုအား မိမိတပ်မတော်စစ်ကြောင်းက ကယ်တင်နိုင်ခဲ့

နေပြည်တော် ဧပြီ ၈

တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုပိုင် သင်္ဘောသုံးစင်းသည် ရွှေတြိဂံနယ်မြေ ကျိုင်းလပ်အထက် မဲခေါင်မြစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းသုံး အလှဆင်ကျောက်တုံးကြီးများ ကောက်ယူနေစဉ် ၂၀၁၁ခုနှစ် ဧပြီ ၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် လက်နက်ကိုင်အဖွဲ့များသည် စက်လှေငါးစင်းဖြင့် ရောက်ရှိလာပြီး တရုတ်နိုင်ငံသား သင်္ဘောကပ္ပတိန်နှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ဧပြီ ၃ ရက် နံနက် ၈ နာရီခန့်တွင် အဆိုပါသင်္ဘောသုံးစင်းသည် ၎င်းတို့ကုမ္ပဏီရှိရာသို့ ပြန်ရန်ကျန်ရှိနေသော သင်္ဘောကပ္ပတိန်တစ်ဦးနှင့် အရန်သင်္ဘောမောင်းသူများဖြင့် မောင်းနှင်ခဲ့ရာ နံနက် ၁၀ နာရီခန့်တွင် ကျောက်သုံးလုံးနေရာသို့ရောက်ရှိစဉ် လက်နက်ကိုင်အဖွဲ့သည် မြန်မာဘက်ကမ်းတွင် စောင့်နေလျက် သင်္ဘောများကို ကမ်းသို့ကပ်ခိုင်းခဲ့သည်။ ထို့နောက် သင်္ဘောပေါ်သို့ လက်နက်ကိုင် ၁၀ ဦးခန့် တက်ရောက်ကာ သင်္ဘောပေါ်ပါ ဝန်ထမ်းများနှင့် အလုပ်သမားများအား သင်္ဘောတစ်စင်း၏ ဝမ်းဗိုက်တွင်း ထိန်းသိမ်းထားရှိပြီး သင်္ဘောသုံးစင်းအား အပိုင်စီးထားခဲ့သည်။

ဆက်လက်ထိန်းသိမ်း

ဧပြီ ၄ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် အပိုင်စီးထားသော သင်္ဘောသုံးစင်းရှိသည့်နေရာသို့ လက်နက်ကိုင်တစ်ဖွဲ့သည် စက်လှေဖြင့် ထပ်မံရောက်ရှိလာပြီး ကျန်သင်္ဘောကပ္ပတိန်တစ်ဦးအား ထပ်မံဖမ်းဆီးခေါ်ဆောင်သွားပြီး လက်နက်ကိုင် ၁၀ ဦးခန့်သည် သင်္ဘောသုံးစင်းအား ဆက်လက်ထိန်းသိမ်းထားခဲ့သည်။

ပြန်လည်ထိန်းသိမ်း

အဆိုပါသတင်းအရ မိမိနယ်မြေခံ တပ်မတော်စစ်ကြောင်းသည် ၎င်းနေ့ မွန်းလွဲ ၂ နာရီခန့်တွင် အခင်းဖြစ်ပွားရာနေရာသို့ ကမ်းနားအတိုင်း ဝင်ရောက်ရှင်းလင်းခဲ့စဉ် အဆိုပါ လက်နက်ကိုင် ၁၀ ဦးသည် စက်လှေတစ်စင်းဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် မိမိနယ်မြေခံ တပ်မတော်စစ်ကြောင်းက အပိုင်စီးခံရသော သင်္ဘောသုံးစင်းအား ပြန်လည်ထိန်းသိမ်း စောင့်ရှောက်ထားခဲ့သည်။

ပြန်လည်ပူးပေါင်း

အဆိုပါ လက်နက်ကိုင်အဖွဲ့သည် ဖမ်းဆီးထားသူ သင်္ဘောကပ္ပတိန်သုံးဦးအား ဧပြီ ၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင် တစ်ဖက်နိုင်ငံ သောင်ပြင်တစ်နေရာ၌ထားရှိပြီး ပြန်လည်ထွက်ခွာသွားသဖြင့် ၎င်းတို့သုံးဦးသည် မိမိစစ်ကြောင်းရှိရာသို့ ပြန်လည်ပူးပေါင်းနိုင်ခဲ့သည်။

အဆိုပါ သင်္ဘောသုံးစင်းအား မိမိနယ်မြေခံတပ်မတော်စစ်ကြောင်းက ပြန်လည်ခေါ်ဆောင်ခဲ့ရာ ဝမ်ပုံဆိပ်ကမ်းသို့ ဧပြီ ၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ သင်္ဘောကပ္ပတိန်သုံးဦး အပါအဝင် သင်္ဘောဝန်ထမ်းများနှင့် အလုပ်သမား ၃၄ ဦးတို့အား တာဝန်ရှိသူများက တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး လိုအပ်သည့်အကူအညီများ ပေးအပ်ခဲ့ကြောင်း၊ အဆိုပါ သင်္ဘောသုံးစင်းသည် ဧပြီ ၈ ရက် နံနက် ၇ နာရီခန့်တွင် ဝမ်ပုံဆိပ်ကမ်းမှ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တရုတ်နိုင်ငံမှ တာဝန်ရှိသူများအား ရှင်းလင်းပြောကြားခဲ့ရာ တရုတ်နိုင်ငံမှ တာဝန်ရှိသူများက ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကဏ္ဍအသီးသီးတွင် အောင်မြင်မှုများ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်၊ အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာမြအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေးသည် မန္တလေးတိုင်းဒေသကြီး ပညာရေးနှင့်ကျန်းမာရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးရဲလွင်အောင်တို့ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများစစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာသင်တက္ကသိုလ်တို့၌ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံမှာကြား

ယင်းနောက် မန္တလေးမြို့ အမှတ် (၁၄) အခြေခံပညာအထက်တန်းကျောင်း၌ တိုင်းဒေသကြီး ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဧပြီ ၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့် ကျိုင်းတုံမြို့ တွင် ၀ ဒသမ ၂၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဧပြီ ၉ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဆုချီးမြှင့်

ဧပြီ ၈ ရက်က မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ထက်လင်းတိုင်းရင်းဆေးဝါးလုပ်ငန်းမှ ဒေါက်တာ ဦးခင်မောင်ထွန်းက ၂၀၁၁ ခုနှစ် သင်္ကြန်အကြိုမ် စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပြိုင်ပွဲတွင် အသင်းလိုက် တံခွန်စိုက်ဆုရရှိသော ကိုရစ်ကြီးအသင်းအား ဆုချီးမြှင့်စဉ်။

(ရိုးရာအားကစားအဖွဲ့ချုပ်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများ နှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မြဝတီမြို့ အထက်တန်းကျောင်း ကျောင်းဝင်းအတွင်း ပေါက်ကွဲမှုတစ်ခုဖြစ်ပွား ပျက်စီးမှုအနည်းငယ်ရှိသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိ

နေပြည်တော် ဧပြီ ၈

ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း၌ ဧပြီ ၇ ရက် ည ၈ နာရီခန့်က ပေါက်ကွဲမှု တစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ ပျက်စီးမှု အနည်းငယ်ရှိသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ပျက်စီး

ပေါက်ကွဲမှု ဖြစ်ပွားရာသို့ နယ်မြေခံတပ်နယ်မှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့မှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးရာ ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာမှာ ကျောင်းဝင်းအတွင်းရှိ ကျောင်းသားသုံး ရှစ်ခန်းတွဲရေအိမ်နှင့် ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကြား၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် ကျောင်းသားသုံး ရေအိမ်အနီး၌ အချင်း ရှစ်လက်မ၊ အနက် သုံးလက်မခန့်ရှိ ကျင်းငယ်တစ်ခုဖြစ်ပေါ်ခဲ့ကာ ကျောင်းသားသုံး ရေအိမ်ဖိုင်ဘာတံခါး ခြောက်ချပ်၊ အမိုးသွပ် ရှစ်ချပ်၊ ကျောင်းသူသုံး ရေအိမ်မှ ပလတ်စတစ် မီလ္လာပိုက်နှင့် ကျောင်းဆောင်တစ်ဆောင်၏ တံခါးများမှ မှန်အချပ် ၆၀ ခန့်တို့ ပျက်စီးသွားခဲ့ကြောင်း၊ လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။

တိုက်တွန်းနှိုးဆော်

ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထု ထိတ်လန့်ချောက်ချားစေရန် ရည်ရွယ်၍ ဖောက်ခွဲမှုများကိုအမြဲမပြတ်ကြံစည်လုပ်ဆောင်လျက်ရှိရာ အပြစ်မဲ့ကျောင်းသား ကျောင်းသူများ ပညာဆည်းပူးသင်ကြားရာ စာသင်ကျောင်းများကိုပင် မရှောင်ဘဲ ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ထားဖြင့် ယခုကဲ့သို့ ဆောင်ရွက်လာသည့်အတွက် အများပြည်သူတို့အနေဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အချိန်မီ သတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပေါက်ကွဲမှုကြောင့် ကျောင်းသားသုံးရေအိမ်အနီး၌ အချင်း ရှစ်လက်မ၊ အနက် သုံးလက်မခန့်ရှိ ကျင်းငယ်တစ်ခု ဖြစ်သွားခဲ့သည်။

ပေါက်ကွဲမှုကြောင့် ကျောင်းသားသုံး ရေအိမ်ဖိုင်ဘာတံခါး ခြောက်ချပ် ပျက်စီးသွားသည်ကို တွေ့ရစဉ်။

လျှပ်စစ်ဘေးဒဏ်ခံခဲ့ရသူများအတွက် အလှူငွေပေးအပ်

နေပြည်တော် ဧပြီ ၈

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation (CPI) မှ Vice President မဒမ်ကျန်းရှောင်လူနှင့် အဖွဲ့သည် ဧပြီ ၇ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ (အပေါ်ပုံ)

ထို့နောက် မတ်လအတွင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) လွယ်မွေမြို့အနီး၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ငလျင်ဘေးဒဏ်ခံခဲ့ရသူများအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ကို China Power Investment Corporation (CPI) ကိုယ်စား Vice President မဒမ်ကျန်းရှောင်လူက ပေးအပ်လှူဒါန်းရာ ဝန်ကြီးဦးဇော်မင်းက လက်ခံသည်။

ဆွေးနွေး

အလားတူ ဝန်ကြီး ဦးဇော်မင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် မွန်းလွဲပိုင်းတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံမှအလှူရှင် မီးသတ်ကားလေးစီးလှူဒါန်း
မီးရထားစက်ခေါင်းစက်ရုံများတွင် ထားရှိသွားမည်

နေပြည်တော် ဧပြီ ၈

ဂျပန်နိုင်ငံ WEST Corporation က မြန်မာ့မီးရထားသို့ မီးသတ်ကားလေးစီး ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၇ ရက် နံနက် ၈နာရီက နေပြည်တော်ဘူတာကြီး၌ ကျင်းပရာ ဂျပန်နိုင်ငံ WEST Corporation မှ Ms.Eiko Hoshino က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား အထွေထွေမန်နေဂျာ ဦးခင်မောင်ဆွေက WEST Corporation သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

လိုက်လံကြည့်ရှု

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးသန့်ရှင်း၊ ဂျပန်နိုင်ငံ WEST Corporation မှ Ms.Eiko Hoshino နှင့်အဖွဲ့ဝင်တို့သည် လှူဒါန်းသည့် မီးသတ်ကားလေးစီးကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါ မီးသတ်ကားလေးစီးကို နေပြည်တော် စက်ခေါင်းရုံတွင်တစ်စီး၊စက်ခေါင်းစက်ရုံ(မလွှကုန်း)တွင်တစ်စီး၊ စက်ခေါင်းစက်ရုံ (အင်းစိန်)တွင် တစ်စီးနှင့် စက်ခေါင်းစက်ရုံ (ရွာထောင်)တွင် တစ်စီးတို့ကို မီးဘေးကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်ထားရှိအသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လှူဒါန်း

ဝန်ကြီး ဦးအောင်မင်းနှင့် ဝန်ကြီးဦးအောင်ကြည်တို့ ဂျပန်နိုင်ငံ WEST Corporation မှ လှူဒါန်းသည့် မီးသတ်ကားလေးစီးကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မထသ ဝန်ထမ်းများအား လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီကဝန်ထမ်းများအား ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၃ ရက် နံနက် ၁၀နာရီက သဃ်ာန်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်နှင့်တာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင် ယာဉ်လိုင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ခရိုင်အဆင့်တာဝန်ရှိသူများက ဝန်ထမ်းများနှင့် လုပ်အားယှဉ်ပြိုင်ဆုရသူများအား ထောက်ပံ့ကြေးနှင့် ဆုချီးမြှင့်ငွေကျပ် စုစုပေါင်း ၁၅၅ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ဝ၂၅)

အသက် (၁၀၇) နှစ်ပြည့် ဆရာမကြီး ဒေါ်သိန်းနွဲ့အား ပူဇော်ကန်တော့မည်

ပဲခူး ဧပြီ ၈

ပဲခူးမြို့ ရွာသစ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ကျေးဇူးရှင်အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနွဲ့ (၁၀၇)နှစ်ကို တပည့်များက (၄၄)ကြိမ်မြောက်အဖြစ် ပဲခူးမြို့ရွာသစ် အမက (မူလွန်) ကျောင်း၌ ဧပြီ ၁၀ ရက် နံနက် ၉ နာရီတွင် ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရောက် တပည့်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ *(၁၂၁)*

မြန်အောင်မြို့နယ် လွန်ဆေးမြိုင်ပန်းခြံအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး၊ တာဝန်ခံ အင်ဂျင်နီယာဦးကျော်ခိုင်နှင့်ဝန်ထမ်းများ မြေယာရှုခင်းဆောင်ရွက်ထားရှိမှုကို ဧပြီ ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဗဟန်းမြို့နယ် နွေရာသီအဆင့်မြင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို ဧပြီ ၅ ရက်က ငါးထပ်ကြီးဘုရားရင်ပြင် ဒေါ်သော့တန်ဆောင်း၌ကျင်းပရာ ပထမဆုရရှိသော မအေးသဉ္ဇာဝင်းအား ဆုထူးပန်အဘိဓမ္မာဆရာကြီး ဦးဟန်က သင်တန်းဆင်းအောင်လက်မှတ်နှင့် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မဟာသင်္ကြန်နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ
စင်ထွာမီးလင်းကတ္တားနှင့် AD-ရွှေရည်စစ်စက် ပါဝင်ပြသ

ရန်ကုန် ဧပြီ ၈

Myanmar New Year Exhibition-2011 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၇ ရက်မှ ၁၀ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ စင်ထွာမီးလင်းကတ္တားနှင့် AD ရွှေရည်စစ်စက်တို့လည်း ပါဝင်ပြသလျက်ရှိသည်။ **(အောက်ပုံ)**

အသုံးပြု

အဆိုပါ စင်ထွာမီးလင်းကတ္တားပြခန်းတွင် ဒစ်ဂျစ်တယ်ချိန်စက် အရွယ်အစားမျိုးစုံ ပြသထားသည်။

AD အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ရွှေချိန်စက်သည် ကျပ်၊ ပဲ၊ ရွေးစနစ်ဖြင့် တိုက်ရိုက်ဖော်ပြပေးနိုင်သည်။ တွက်နည်းငါးမျိုးအပါအဝင် ယူနစ် ၁၂မျိုးပါဝင်သည့်အတွက် မြန်မာအကြိုက် ရွှေချိန်စက်တစ်ခုဖြစ်သည်။ ထို့အပြင် ရွှေ၏သိပ်သည်းဆကို ဖော်ပြနိုင်သည့်အတွက် ငွေချေးဌာနများ၊ ရွှေဆိုင်များ၊ ရွှေပန်းထိမ်များ၊ ရွှေသန့်စင်လုပ်ငန်းများ၊ ရွှေမှော်လုပ်ငန်းများ အပါအဝင် မြန်မာနိုင်ငံ၏ ဖြာရာခိုင်နှုန်းသော ရွှေဆိုင်များတွင် အသုံးပြုလျက်ရှိသည်။

ဆက်သွယ်နိုင်

အသေးစိတ်သိရှိလိုပါက ဦးကြည်စိန် ဖုန်း -၀၉-၅၅၂၂၁၂၃၊ ဒေါ်အေးအေးသိန်း ဖုန်း-၀၉-၅၁၄၃၂၅၄၊ ဒေါ်ခင်မျိုးသူ ဖုန်း -၀၉-၅၁၂ ၉၆၃၂နှင့် ဒေါ်အေးအေးသန့် ဖုန်း-၀၉-၇၃၀-၁၇၀၇၃တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဦးစီးဌာနလုပ်ငန်းများ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလျာထားရည်မှန်းချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ဧပြီ ၅ ရက် ညနေပိုင်းက နေပြည်တော်ရှိဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှင်းလင်းဆွေးနွေး

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဌာနအလိုက် လုပ်ငန်းလျာထား ရည်မှန်းချက်နှင့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဝင်းသန်းက ရှင်းလင်းဆွေးနွေးတင်ပြသည်။

ပြောကြား

ယင်းနောက် ဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဌာန၏ ရည်မှန်းချက်များကို သိရှိနားလည်ပြီး ရည်မှန်းချက်အောင်မြင်စေရန်အတွက် ဌာနတာဝန်ခံများက ဦးဆောင်ဦးရွက်ပြုကာ အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ မျက်မှောက်ခေတ်၏ တိုးတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ်စေဘဲ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရန်အရေးကြီးကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးယဉ်ပါးမှုပြဿနာ တစ်နေ့တခြားကြီးမားလာ ဆရာဝန်ညွှန်ကြားချက်ကို လူနာများ အတိအကျလိုက်နာ

နေပြည်တော် ဧပြီ ၈

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် ဆေးဝါးယဉ်ပါးမှု ပြဿနာသည် တစ်နေ့တခြား ကြီးမားကျယ်ပြန့်လာကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဖော်ပြချက်အရ အရှေ့တောင် အာရှနိုင်ငံများတွင် သေဆုံးသူ ၁၄ သန်း အနက် ၄၀ ရာခိုင်နှုန်းမှာ ကူးစက်ရောဂါကြောင့် နှစ်စဉ် သေဆုံးနေကြရပြီး ၄၂ ရာခိုင်နှုန်းသည် ဒုက္ခိတမသန်မစွမ်းဘဝရောက်ကြရကြောင်း၊ အမှန်မှာ ကူးစက်ရောဂါများကို ပဋိဇီဝဆေးများနှင့်ကုသပြီးသက်သာပျောက်ကင်းအောင် ကြိုးပမ်းကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လူ့အသက်ပေါင်းသန်းပေါင်းချီပြီး ပဋိဇီဝဆေးများဖြင့် ကယ်တင်ခဲ့ပြီးဖြစ်ပြီး ကယ်တင်နေဆဲ၊ နောင်ကိုလည်း ကယ်တင်ရမည့်အရေးကိစ္စဖြစ်ကြောင်း၊ လူနာများအနေနှင့်လည်း အထူးလိုက်နာရမည့်အချက်မှာ ဆရာဝန်ညွှန်ကြားချက်ကို အတိအကျမှတ်သားလိုက်နာရမည်ဖြစ်ကြောင်း၊ ဆရာဝန် ညွှန်ကြားချက်မပါဘဲ မည်သည့်ဆေးဝါးမျှ မသုံးစွဲကြရန်လိုကြောင်း၊ အသိအမှတ်ပြု ဆေးဆိုင်များတွင် ဆရာဝန်ညွှန်ကြားသည့် ဆေးညွှန်းဖြင့် အသိအမှတ်ပြုထားသည့် ဆေးဝါးကို ဝယ်ယူကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ယခုနှစ်ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"ဆေးဝါးယဉ်ပါးမှု အန္တရာယ်ကာကွယ်ဖို့ အားလုံးပူးပေါင်းတိုက်ဖျက်စို့"** ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် "Combating Antimicrobial Resistance" ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဖေသက်ခင် ၂၀၁၁ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဧပြီ ၈

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Rimbunan Petrogas Ltd. သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-1 တွင် ရေနံရှာဖွေရေးတွင်း ရွှေပြည်တန်(၁)တွင်းကို ရေနံတွင်းတူးစက် Jack-up Drilling Rig "West Juno" ဖြင့် ဧပြီ ၂၅ရက်မှ မေ ၃၁ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရွှေပြည်တန်(၁) ရေနံတွင်း၏ တည်နေရာဧရိယာမှာ Point A မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၆ မိနစ် ၄၆ ဒသမ ၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၃ ဒသမ ၇၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၆ မိနစ် ၄၄ ဒသမ ၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၈ ဒသမ ၁၀ စက္ကန့်၊ Point C မြောက် လတ္တီတွဒ် ၁၆ ဒီဂရီ ၀၄ မိနစ် ၃၄ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၄ မိနစ် ၃၅ ဒသမ ၆၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၄ မိနစ် ၃၆ ဒသမ ၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၂ မိနစ် ၂၁ ဒသမ ၃၀ စက္ကန့်အတွင်းတွင် ဖြစ်သည်။

အသိပေးကြေညာ

သို့ဖြစ်ပါ၍ ရွှေပြည်တန်(၁) ရေနံတွင်းကို ရေနံတွင်းတူးစက် Jack-up Drilling Rig "West Juno" ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်း သတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း၊ ငါးဖမ်းကိရိယာများ၏ အထောက်အကူပြုပစ္စည်းများ သွယ်တန်းချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူမြို့နယ် အစိုးရဘာဏ်ရှေ့ လွတ်လပ်ရေးလမ်း (၈)ရပ်ကွက် ခင်ပွန်းဦးရုပ်တူ၊သမီး မသီသီတင်တို့အားရည်စူး၍ ဒေါ်တင် မိသားစုက ထာဝရ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အဆောက်အအုံ ပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

လယ်ယာသန်းခေါင်စာရင်းကောက်ယူမှု ကချင်ပြည်နယ်တွင် ဆောင်ရွက်ပြီးစီး

မြစ်ကြီးနား ဧပြီ ၈

ကချင်ပြည်နယ်အတွင်း ခရိုင်နှင့် မြို့နယ်အားလုံးတွင် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ မတ် ၃၁ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရှိရသည်။

ကြီးကြပ်ဆောင်ရွက်

အဆိုပါလုပ်ငန်း သတ်မှတ်ရက်အတွင်း ပြီးစီးရေးအတွက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ကြေးတိုင်နှင့် စီမံကိန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ကချင်ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ ဒုတိယပြည်နယ်မြေစာရင်းဦးစီး ဌာနမှူး ဦးသိန်းဦး၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများသည် မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာများတွင် သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများအား တွေ့ဆုံ၍ လယ်ယာသန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

(ပြည်နယ်မြေစာရင်းဦးစီးဌာန)

မဟာသင်္ကြန်နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ စီထွာဒစ်ဂျစ်တယ်ကတ္တားများ ပါဝင်ပြသ

ရန်ကုန် ဧပြီ ၈

မဟာသင်္ကြန် နှစ်သစ်ကူးအကြို ကုန်စည်ပြပွဲ၂၀၁၁ကို ဧပြီ ၇ ရက်မှ ၁၀ ရက်အထိ ပြသလျက်ရှိရာ ZIN 9 ကုမ္ပဏီလီမိတက်လည်း ပါဝင်ပြသလျက်ရှိသည်။ **(ယာပုံ)**

အလွယ်တကူဝယ်ယူ

အဆိုပါ ပြခန်းတွင် စီထွာ (SETRA) ဒစ်ဂျစ်တယ် ကတ္တားမှာ Toll Gate လုပ်ငန်းသုံး ကားချိန်ကတ္တားနှင့် ဆက်စပ်ပစ္စည်းများ၊ ဗဟိုမှ ကွန်ပျူတာဖြင့် ထိန်းချုပ်နိုင်သော Software System များဖြင့် အသုံးပြုနိုင်သည့် ကတ္တားများ၊ ပွဲရုံလုပ်ငန်း၊ စက်ရုံ၊ ပွဲရုံ လုပ်ငန်းနှင့် ရေလုပ်ငန်းကုန်ခြောက် ပစ္စည်းများနှင့် ဆီပီပါများ၊ ဆားငန်ရည်ဓာတ်ပါဝင်သည့် ကုန်ပစ္စည်းများချိန်တွယ်ရာတွင် အထူးသင့်လျော်သော ကတ္တားများ စသည်တို့ကို ထူးခြားဆန်းသစ်စွာ ပြသထားသည်။ အဆိုပါ ကတ္တားများမှာ ပိဿာ၊ ကီလိုဂရမ်၊ ပေါင်အစရှိသည့် ယူနစ် သုံးမျိုးဖြင့် ချိန်တွယ်နိုင်ပြီးစက်အပိုပစ္စည်း အလွယ်တကူဝယ်ယူရရှိနိုင်သည်။

ပြသရောင်းချ

ထို့အပြင် ပြခန်းတွင် ရှင်းပို့ကျပ်၊ ပဲ၊ ရွှေ ရွှေချိန်စက်နှင့် သုံးပဲသားမှ ၁၈ ကျပ်သားအထိရှိသော ရွှေနှင့် ပလက်တီနမ်တို့၏ အရည်အသွေးကို တိုက်ရိုက်စစ်ဆေးပေးနိုင်သော ရှင်းပို့ ရွှေရည်စစ် စက်တို့ကို ပြသရောင်းချလျက်ရှိသည်။ ပြပွဲအပြီး ဝယ်ယူရရှိလိုပါက အမှတ် ၁၆၅ ၁၀လမ်း သီရိမွန်အိမ်ရာ ဘုရင့်နောင်လမ်းမရမ်းကုန်းမြို့နယ်ရန်ကုန်မြို့ဖုန်း-၀၉-၇၃၁၃၅-၂၇၀နှင့် ၀၁-၅၂၈၅၅၄တို့တွင် ဆက်သွယ်ဝယ်ယူနိုင်သည်။ **(သတင်းစဉ်)**

အလေးပြုခြင်း ခံယူ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

စွမ်းစွမ်းတမံ

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁၄)၏ သင်တန်းဆင်းသည့်နေ့ ဖြစ်ကြောင်း၊ ရဲဘော်တို့ကို တပ်မတော်တွင် အနာဂတ်၏ ခေါင်းဆောင်ကောင်းများအဖြစ် တာဝန်ပေးခန့်အပ်ရန် စနစ်တကျ အဆင့်ဆင့်ရွေးချယ် လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်က ပြုစုပျိုးထောင်သင်ကြားပေးခဲ့ရခြင်း၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်သည် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံ ထမ်းရွက်ကျေပွန်စေရန်ပင် ဖြစ်ကြောင်း။

ယနေ့ ရဲဘော်တို့ကို ရာထူး/အဆင့်များ ခန့်အပ်ပေးလိုက်ခြင်းအတွက် ရဲဘော်တို့အနေဖြင့် မိမိကိုယ်ကို အရည်အချင်းပြည့်ဝသည့် ခေါင်းဆောင်များ

အလိုအလျောက်ဖြစ်လာပြီဟု ခံယူသတ်မှတ်ထားခြင်းမျိုးကို ရှောင်ကြဉ်ပြီး ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရန် ကျရာတာဝန်များတွင် ထမ်းဆောင်ရင်း ဆက်လက်လေ့လာဆည်းပူး သင်ယူကြရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်မှုဆိုသည်မှာ လူသားများ၏ စိတ်ဓာတ်နှင့်စွမ်းရည်ကို စနစ်တကျစုစည်းပြီး စွမ်းအင်တစ်ရပ်ရရှိအောင် ဖော်ဆောင်နိုင်သော အရည်အချင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် စစ်မှန်သည့်ခေါင်းဆောင်မှုဆိုသည်မှာ ကိုယ်တိုင်စံနမူနာပြ နေထိုင်ကျင့်ကြံပြောဆိုပြီး လက်အောက်ငယ်သားများ၏ ချစ်ခင်လေးစားမှု၊ ပတ်ဝန်းကျင်ရှိလူများနှင့် လေးစားစွာအသိအမှတ်ပြုခြင်းကို ခံယူရရှိနိုင်ကြောင်း၊ ထို့ကြောင့် ခေါင်းဆောင်မှုအပြည့်အဝရရှိရန်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နှင့် ပြည့်စုံအောင် ကြိုးစားလုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

ကာကွယ်ထိန်းသိမ်း

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများ ပေါင်းစုနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ချစ်ချစ်ခင်ခင် နေထိုင်ကြမည့် ခိုင်မြဲသော ပြည်ထောင်စုစိတ်ဓာတ်ရှိရန် လိုကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားအားလုံး၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ တာဝန်ကျရာ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးခြင်းမှာ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း ဖော်ပြနေကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင် ကျင့်ဝတ်(၆၀)ပါ ပြည်သူလူထုအပေါ် ပြုကျင့်ရမည့်ကျင့်ဝတ်များ၊ ခိုင်မာသည့် အခြေခံစည်းရုံးရေးနယ်မြေတည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရပြီး

ဗိုလ်လောင်းတပ်ခွဲများ စစ်ဆေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။ (သတင်းစဉ်)

ကာလများတွင် ပြည်တွင်း ပြည်ပ အန္တရာယ်အမျိုးမျိုးကို တိုင်းရင်းသားပြည်သူများနှင့်ပူးပေါင်းပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ ချစ်ကြည်ရင်းနှီးစွာ စုစည်းနေထိုင်ကြသည့် မိမိတို့ပြည်ထောင်စုသားများ ပြိုကွဲအောင် သွေးခွဲသပ်လျှိုလုပ်ဆောင်မှုများကိုလည်း ကာကွယ်ထိန်းသိမ်းပေးခဲ့ကြောင်း၊ ပြည်ပအင်အားကြီးနိုင်ငံများက သူတို့၏ သြဇာခံနိုင်ငံဖြစ်အောင် အမျိုးမျိုးကြံဆောင်လုပ်ကိုင်မှုများကိုလည်း ကြံ့ကြံ့ခံတွန်းလှန် ရပ်တည်ခဲ့ကြောင်း။

ထို့ကြောင့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ဖြစ်သော လေ့ကျင့်ရေးနှင့်တည်ဆောက်၊ အုပ်ချုပ်ရေးနှင့်တည်ဆောက်၊ သက်သာချောင်ချိရေးနှင့်တည်ဆောက်၊ စိတ်ဓာတ်နှင့်တည်ဆောက်ခြင်းတို့ဖြင့် မိမိတို့တပ်မတော်ကို တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း။

စည်းကမ်းကောင်းမွန်ခြင်းသည် အမိန့်နာခံတတ်ခြင်းနှင့် တစ်ဆက်တည်းဖြစ်ကြောင်း၊ မိမိအဖွဲ့အစည်းကို ခိုင်မာပြီး တန်ဖိုးရှိစေသည့်အရာလည်းဖြစ်ကြောင်း၊ တပ်မတော်သားဘဝကို ခံယူလိုက်သည့်အခါ နယ်ဘက်ဥပဒေကို ဆက်လက်စောင့်ထိန်းရသည့်အပြင် စစ်ဘက်ဥပဒေကိုလည်း ထပ်ပိုးလိုက်နာကြသူများဖြစ်ကြောင်း၊ တပ်မတော်အဖွဲ့အစည်းသည် စစ်ဘက်၊ နယ်ဘက် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများကို ပိုပြီးတိကျစွာ လိုက်နာကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်နှင့်စည်းကမ်း ကောင်းမွန်မှုအတွက် တပ်တိုင်း ရဲဘော်တိုင်းတွင်ရှိရမည့် အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်ဝနေအောင် အမြဲလေ့ကျင့်ပေးနေကြရမည်ဖြစ်ကြောင်း။

ကြံစည်လုပ်ဆောင်

စစ်မှုအတတ်ပညာများမှာ အမြဲတမ်းတိုးတက်နေသောကြောင့် အမြဲမပြတ်လေ့လာပြီး မိမိကိုယ်တိုင် တိုးတက်အောင်ကြိုးစားနေရန် လိုအပ်ကြောင်း၊ ရဲဘော်တို့သည် မိမိတပ်ဖွဲ့ဝင်များ၏ အရည်အသွေးတိုးတက်ရေးအတွက် အမြဲကြံစည်လုပ်ဆောင်နေကြရမည်ဖြစ်ကြောင်း၊ သို့မှသာ အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်ဆိုတဲ့ မြဲ(၃)မြဲနဲ့ ပြည့်စုံကြမည်ဖြစ်ကြောင်း။

မိမိတို့ တပ်မတော်သည် အဓိကတာဝန်ကြီး(၃)ခုဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း

ဂုဏ်ပြု ချီးမြှင့်စကား ပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ် ချုပ် ကြီး မင်း အောင် လှိုင် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့်စကား ပြောကြားစဉ်။ (သတင်းစဉ်)

တာဝန်များကို ထမ်းဆောင်လျက်ရှိသော်လည်း
တာဝန်များကိုပါ ထမ်းဆောင်နိုင်ခဲ့သည်ကို ရဲဘေ
မိမိတို့ တပ်မတော်သည် နိုင်ငံတော်၏တာဝန်
ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိ
အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်အတွင်း
၉၂ ရာခိုင်နှုန်းကျော် တစ်ခဲနက်ထောက်ခံဆန္ဒပြု

တက်ရောက်လာကြ

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျော
အမှတ်စဉ်(၁၁၄) သင်တန်းဆင်းဂုဏ်ပြု
တက်ရောက်လာကြသူများအား တွေ့ရစဉ်။

စွမ်းရည်သုံးရပ်

မိမိတို့ တပ်မတော်သည် နိုင်ငံတော်တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ် အစဉ်ပြည့်ဝနေရန် လိုအပ်ကြောင်း။

မိမိတို့တပ်မတော်သည် တိုင်းရင်းသားပြည်သူများကြားမှ သန္ဓေတည်ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သောကြောင့် ရဲဘော်တို့သည် တာဝန်ကျရာဒေသအသီးသီးတွင် ဒေသခံ တိုင်းရင်းသားပြည်သူများအား ကာကွယ်စောင့်ရှောက်ရမည်။ ပြည်သူများနှင့်အတူ လက်တွဲပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးကြရမည်။ ယင်းမှာ မိမိတို့တပ်မတော်၏ အမျိုးသားနိုင်ငံရေး တစ်ခုပင်ဖြစ်ကြောင်း။

ထို့ကြောင့် ရဲဘော်တို့အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အသက်နှင့်လဲပြီး ကာကွယ်စောင့်ရှောက်ရမည် ဖြစ်ကြောင်း။

ခေတ်မီမျိုးချစ်တပ်မတော်

ယနေ့ကာလတွင် မိမိတို့တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ ဤကဲ့သို့ တည်ဆောက်နိုင်မှသာ နိုင်ငံတော်က ယုံကြည်အားကိုးရသည့် တပ်မတော်၊ နိုင်ငံတကာက လေးစားရသည့် တပ်မတော်အဖြစ် ရောက်ရှိလာမှာဖြစ်ကြောင်း၊ အရေးကြုံလာလျှင် ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်နိုင်ငံကိုကာကွယ်နိုင်အောင် လုပ်ဆောင်ကြရမှာပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ် စသည့်ခေတ်ပြောင်းစနစ်ပြောင်းတို့ကို သိမ်မွေ့ညင်သာစွာဖြင့် ကူးပြောင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ပါဝင်တက်ရောက်

၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့်ရွေးကောက်ပွဲကိုလည်း ပြည်သူများ အေးချမ်းစွာနှင့် ဆန္ဒမဲပေးနိုင်ခဲ့ကြကြောင်း၊ ပြည်သူများ အေးအေးချမ်းချမ်းဖြင့် ဆန္ဒပြုနိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ဂုဏ်ယူစရာဖြစ်သကဲ့သို့ တပ်မတော်၏သမိုင်းဝင် လုပ်ဆောင်ချက်လည်း ဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့်ရွေးချယ်ခဲ့ပြီး ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော ပြည်သူ့ကိုယ်စားလှယ်များနှင့် ပထမအကြိမ်လွှတ်တော်အစည်းအဝေးများကို ကျင်းပပေးပြီး မိမိတို့ တပ်မတော်သားကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက **"မတူညီတဲ့ သဘောထားအမြင်တွေရှိနေကြသော်လည်း တိုင်းပြည်ရဲ့ အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမယ်၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာဖြင့် ရယူကြမယ်ဆိုရင် လူသာခုခေါ်၊ နတ်သာခုခေါ်ကြမှာဖြစ်တဲ့အတွက် ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးတံခါးကိုဖွင့်ထားပြီး လက်ကမ်းကြိုဆိုမှာဖြစ်ကြောင်း"** အသိပေးပြောကြားခဲ့ပြီးဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၇) ပုဒ်မ (၃၃၉)မှာ **"နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"** ဟု ပြဋ္ဌာန်းထားချက်နှင့်အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဟန့်တားနှောင့်ယှက်သည့် ပြည်တွင်း ပြည်ပ အကြမ်းဖက်လုပ်ရပ်များ ချုပ်ငြိမ်းသွားရန် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပင်မစွမ်းအားကြီး

နိဂုံးချုပ်အနေဖြင့်ပြောရလျှင် ရဲဘော်တို့သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ရေး၏ လူသားအရင်းအမြစ်များဖြစ်သည့်အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရမည့် ပင်မစွမ်းအားကြီးလည်း ဖြစ်ကြောင်း။

"တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသော အရာရှိကောင်းများ ဖြစ်ပေါ်လာစေရန်နှင့် ခြေလျင်တပ်စုတစ်စုအားပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင် တိုက်ပွဲဝင်နိုင်ရန်" ဆိုသည့် ကျောင်း၏ရည်ရွယ်ချက်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားလောက်သည့် စစ်ဘက်ခေါင်းဆောင်များဖြစ်အောင် ကြိုးစားကြပါဟု မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းနှင့် မိဘများအား ဗထူးတပ်နယ်ရိပ်သာခန်းမ၌တွေ့ဆုံ၍ ဂုဏ်ပြုချီးမြှင့်စကားပြောကြားသည်။ **(သတင်းစဉ်)**

ငွေစားဆု ချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းဖြိုးဝေအောင်အား ငွေစားဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဂုဏ်ပြု ချီးမြှင့်စကား ပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းနှင့် မိဘများအား ဂုဏ်ပြုချီးမြှင့်စကားပြောကြားစဉ်။ (သတင်းစဉ်)

တာဝန်များကို ထမ်းဆောင်လျက်ရှိသော်လည်း လိုအပ်လာလျှင် နိုင်ငံရေးတာဝန်များကိုပါ ထမ်းဆောင်နိုင်ခဲ့သည်ကို ရဲဘော်တို့အသိပင်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သည် နိုင်ငံတော်၏တာဝန်ကိုယူခဲ့ရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အတိုင်း အဆင့်ဆင့်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်အတွင်း မဲပေးခွင့်ရှိသူများ၏ ၉၂ ရာခိုင်နှုန်းကျော် တစ်ခဲနက်ထောက်ခံဆန္ဒပြုမှုဖြင့် ပြည်ထောင်စုသမ္မတ

တက်ရောက်လာကြသူများ

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍

ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၁)ရက်နေ့မှ (၁၃)ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန် အခါတော်ဖြစ်ပါသည်။

ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံ အလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း စသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံချင်အောင် နှောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့်အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်၊

သို့ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု၊ ပြုမူမှုများ။

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ။

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ။

(ဃ) တစ်ပါးသူ၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့်အပြုအမူများ။

ဖားကန့်၌ ကတ္တရာလမ်းဖွင့်

ဖားကန့် ဧပြီ ၈

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်း-ဗိုလ်ချုပ်လမ်း ထပ်ပိုးကတ္တရာလမ်းဖွင့်ပွဲကို မတ် ၁၈ ရက်က လုံးခင်းရပ်ကွက်ရှိ မုခ်ဦး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဦးနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** နှစ်နိုင်ငံဝန်ကြီးဌာနများအကြား လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၈ ရက်က ရန်ကုန်မြို့ စကားဝါလမ်း ဒဂုံမြို့နယ်ရှိ ရုရှားသံရုံး၌ ကျင်းပသော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ နှစ်(၆၀)မြောက် သံတမန်ဆက်ဆံရေးထူထောင်မှု အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ပထမဆုံး လူလိုက်ပါသည့် အာကာသယာဉ်လွှတ်တင်အောင်မြင်မှု ရွှေရတုနှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တာလေမြို့နယ် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ငွေများလှူဒါန်း

နေပြည်တော် ဧပြီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့နယ် ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မေခလာခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အလှူငွေပေးအပ်ပွဲတွင် စွမ်းအင်ဝန်ကြီးဌာနက ငွေကျပ် ၄၆ သိန်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးစီမံကိန်းတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် CNPC South-East Asia Pipeline Company Limited မှ FEC ၅၀၀၀၀နှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited မှ FEC ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၈ ရက်က ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ ကျင်းပသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီး H.E. Mr. Kim IL Sung ၏ (၉၉)နှစ်မြောက် နှစ်ပတ်လည်မွေးနေ့ အခမ်းအနားသို့ တက်ရောက်လာသော အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

❖ မိုးမြင့်လင်းလက် --- စုစည်းသည် ❖

မော်စကိုမြို့၌ ကားနှစ်စီးပေါ်မှ ဗုံးများတွေ့ရှိ

မော်စကို ဧပြီ ၈

ရုရှားနိုင်ငံ မော်စကိုမြို့လယ်တွင် မော်တော်ယာဉ်နှစ်စီးပေါ်၌ ဗုံးများရှာဖွေတွေ့ရှိခဲ့ကြောင်း မော်စကိုရဲတပ်ဖွဲ့က ဧပြီ ၈ ရက်တွင် ပြောကြားသည်။

ရှာဖွေတွေ့ရှိ

တီအမ်တီ ၄၀၀ ဂရမ်ပြင်းအားရှိ ဗုံးတစ်လုံးကို မော်စကိုမြို့ ကရင်မလင်အရာရှိများ အသုံးပြုမောင်းနှင်သွားလာနေသော လမ်းမပေါ်တွင် ရပ်ထားသည့် မာစီဒီးဘင့်ဇ်ကားပေါ်၌ ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်ဟု အာအိုင်အေနိုဗိုစတီသတင်းဌာနက ပြောကြားသည်။

ထို့အတူ မော်စကိုမြို့ အနောက်တောင်ပိုင်းတွင်လည်း ယင်းနေ့က မော်တော်ယာဉ်တစ်စီးပေါ်တွင် ဗုံးတစ်လုံးရှာဖွေတွေ့ရှိခဲ့ကြောင်း မော်စကိုရဲတပ်ဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)** **(အင်တာနက်)**

ဆစ်ဒနီမြို့၌ စာသင်ကျောင်းမီးလောင် ကလေးငယ် ၁၉ ဦး ဆေးရုံတင်ရ

ဆစ်ဒနီ ဧပြီ ၈

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အနောက်ပိုင်းရှိ ကျောင်းတစ်ကျောင်းတွင် ဧပြီ ၇ ရက်က မီးလောင်မှုဖြစ်ပွားရာ ကလေးငယ် ၁၉ ဦး ဒဏ်ရာရရှိသဖြင့် ဆေးရုံသို့ အမြန်တင်ပို့ ဆေးကုသမှုခံယူလျက်ရှိကြောင်း သြစတြေးလျမီဒီယာများက ဧပြီ ၈ ရက်၌ ဖော်ပြသည်။ **(အောက်ပုံ)**

ကျောင်းသား ကျောင်းသူ ၅၀၀ ခန့်ရှိသည့် ချက်စတာဟီးလ်နော့သ် စာသင်ကျောင်း၏ ကျောင်းရုံးခန်းတစ်ခန်းမှ ဧပြီ ၇ ရက် မွန်းတည့် ၁၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ကလေးငယ်များမှာ မီးခိုးများ မွန်းကျပ်မှုကြောင့် လဲပြိုကျခဲ့ရာမှ ဒဏ်ရာရရှိပြီး ဆေးရုံသို့ တင်ခဲ့ရခြင်းဖြစ်သည်။ ကျန်ကလေးငယ်များအား ဘေးကင်းစွာ ကယ်ထုတ်နိုင်ခဲ့သည်။

မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်ခြောက်စီး ရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့သဖြင့် မွန်းလွဲ ၂ နာရီ၌ မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ၎င်းကျောင်း၏ရုံးခန်းမှာ မီးလောင်ပျက်စီးသွားသည်။ မီးလောင်မှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

တရုတ်၌ အဝေးပြေးကားလမ်းဥမင်လိုဏ်အတွင်း ယာဉ်လေးစီးတိုက်မိ၊ လေးဦးသေဆုံး

လန်ကျို့ ဧပြီ ၈

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း အဝေးပြေးကားလမ်းမပေါ်ရှိ ဥမင်လိုဏ်အတွင်း ယာဉ်လေးစီးတိုက်မှုဖြစ်ပွားပြီး မီးလောင်ပေါက်ကွဲခဲ့သဖြင့် လေးဦးသေဆုံးကာ အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဧပြီ ၈ ရက် ၌ တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

တိုက်မိခဲ့

ဖြစ်ပွားမှုမှာ ဂန်ဆုမြို့နှင့် လင်စီရာမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် အမြန်ကားလမ်းမပေါ်ရှိ ဥမင်လိုဏ်အတွင်း ဧပြီ ၈ ရက်က လောင်စာတင်ယာဉ် ထရပ်ကားနှစ်စီးအပါအဝင် ဗင်ကားတစ်စီးတို့ကို အခြားတစ်ဖက်မှ မောင်းနှင်လာသော ကုန်တင်မော်တင်ယာဉ်တစ်စီးက တိုက်မိခဲ့ခြင်းဖြစ်သည်။

မီးလောင်ပေါက်ကွဲ

ယာဉ်တိုက်မှုဖြစ်ပွားသည့် အချိန်မှာ ဧပြီ ၈ ရက် နံနက် ၃ နာရီ မိနစ် ၅၀ ဖြစ်ပြီး မော်တော်ယာဉ်လေးစီးစလုံး မီးလောင်ပေါက်ကွဲခဲ့သည်။ **(အင်တာနက်)**

အပြည်ပြည်ဆိုင်ရာဖိတ်ခေါ် လက်ဝှေ့ပြိုင်ပွဲများအတွက် လူရွေး၊ ဆုများချီးမြှင့်

ရန်ကုန် ဧပြီ ၈

အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့က ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် လက်ဝှေ့ပြိုင်ပွဲများအတွက် လူရွေးပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီ တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်း မြို့နယ် လူငယ်အားကစားလေ့ကျင့်ရေး စခန်း (သုဝဏ္ဏ) မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ ကျင်းပ သည်။

ပေးအပ်လှူဒါန်း

ဗိုလ်လုပွဲများအဖြစ် အမျိုးသမီး အလွတ်တန်းများဖြစ်သော ၄၆၊ ၄၈၊ ၅၁ နှင့် ၅၄ ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြ သူများအား မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ်အမှုဆောင်များက ဆုများကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အမျိုးသားအလွတ်တန်း ဗိုလ်လုပွဲများ ဖြစ်သော ၄၆၊ ၄၉၊ ၅၂၊ ၅၆၊ ၆၀၊ ၆၄၊ ၆၉၊ ၇၅ နှင့် ၈၁ ကီလိုတန်း ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူ များက ဆုများကို ပေးအပ်ချီးမြှင့် သည်။ ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ်ဥက္ကဋ္ဌက ပြိုင်ပွဲဝင် ဝန်ကြီး ဌာနအသင်းများ၊ ကလပ်အသင်း များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသင်းများသို့ လက်ဝှေ့အားကစား အထောက်အကူပြု ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဝင်ရောက်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲကို ဧပြီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် အသင်းပေါင်း ၁၀ သင်းမှ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဝင် အားကစားသမား ပေါင်း ၇၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင် ခဲ့ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အမေရိကကို ဘယ်သူအုပ်စိုးနေသလဲ

ရန်ကုန် ဧပြီ ၈

ဝါရင့် သတင်းစာဆရာကြီး တက္ကသိုလ်မြတ်သူ၏ သတင်းစာ သက်တမ်း (၅၄) နှစ်အတွေ့အကြုံ၊ စာအုပ်ပေါင်းများစွာတို့ကို အကိုး အထောက်ပြုပြီး ပြည်ပတွင် ရေးသားခဲ့သော **အမေရိကကို ဘယ်သူအုပ်စိုးနေသလဲ** စာအုပ်ကို သင်းစာပေမှ ထုတ်ဝေကာ ကန်တော် ကလေး - မန္တလေးလမ်း (၁၈၈) ဘုရင့်စာပေတိုက်က ဖြန့်ချိလိုက်ပြီ ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

အမေရိကန်၏ ကျူးကျော်စစ်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ စွက်ဖက် ခြယ်လှယ်မှုလုပ်ရပ်များကို ဝါရင့်အမေရိကန် သတင်းစာဆရာကြီးများ၊ ပညာရှင်ပါမောက္ခကြီးများက ဆန့်ကျင်ကန့်ကွက်ကြပုံ၊ အမေရိကန်စာနယ်ဇင်း မှန်သမျှ၊ ရေဒီယိုရုပ်မြင်သံကြားမှန်သမျှ၊ သတင်းဌာနများ၊ ဟောလိဝုဒ်မှ ရုပ်ရှင်ကုမ္ပဏီကြီးများ၊ တေးဂီတထုတ်လုပ်မှုလုပ်ငန်းများ စသည့်မီဒီယာ မှန်သမျှ ဂျူးလူမျိုးအရင်းရှင်ကြီးများက ပိုင်ဆိုင်လက်ဝါးကြီးအုပ်ထားပုံများ၊ ကမ္ဘာ့နိုင်ငံအချို့၌ အမေရိကန်က အကြမ်းဖက်စစ်ပွဲအမည်ခံ၊ ဒီမိုကရေစီရေး အမည်ခံပြီး ကျူးကျော်မှုအပေါ် ကမ္ဘာကမြင်ပုံများ ရှင်းလင်းပြည့်စုံစွာ ဖတ်ရှုရမည့်စာအုပ်ဖြစ်သည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

မီးမှန်သမျှ သုံးတတ်က မချမ်းဘေး စဉ်ကင်းဝေး

● *ကျောဖုံးမှ*

အပိုဝင်ငွေရသီးနှံ

ဖရဲသီးကို ယခင်က အောက်မြန်မာ နိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသ၊ နုန်းတင် မြေနုများပေါ်တွင်သာ ဆောင်းရာသီ တွင် စတင်စိုက်ပျိုးကြရသော အသီး မျိုးဖြစ်သော်လည်း ယခုအခါ ဤသို့ မဟုတ်တော့ပြီ။ တွံတေးသိန်းတန် သီဆိုထားသည့် **"ချယ်ရီလက်ဆောင် ပေးသူ"** သီချင်းစာသားထဲက **"တစ်ယောက် တစ်နယ်ဆီမှာနေ ပိတောက်နဲ့ ချယ်ရီပမာလေ"** ဆိုသော စာပိုဒ်တွင် ချယ်ရီပန်းပွင့်သည့် ရှမ်းမောမြေမှာ ပိတောက်မရှိနိုင် သလို ပိတောက်ပွင့်ရာ အောက် မြန်မာနိုင်ငံမှာလည်း ချယ်ရီဆိုတာ မရှိသလောက် ရှားပါးလှတာကြောင့် ပိတောက်နှင့် ချယ်ရီဝေးရပုံကို အလွမ်းတေးတစ်ပုဒ်ပမာ သီကုံး သီဆိုခဲ့ကြသည်။ သို့သော် ယခု အခါ ပိတောက်ပွင့်ရာ အောက် မြန်မာပြည်မှာ ချယ်ရီများပွင့်ကြသည် ကို တွေ့မြင်ကြရသလို ရှမ်းမောမြေ ဒေသတွေမှာလည်း ပိတောက်တွေ ဝေဆာလျက်ရှိနေပါပြီ။ တကယ်တော့ စိုက်ပျိုးသူများ၏ စိုက်ချင်ပျိုးချင်သော စိတ်ဆန္ဒသာ အဓိကကျသည်ကိုသိမြင် နိုင်သည်။

စားသုံးသူများကြိုက်သလောက်ဝယ်

ယခုအခါ ရှမ်းပြည်နယ်တွင် ဖရဲတို့ ပွင့်သီးနေပါပြီ။ ဒေသခံ ဖရဲစိုက် တောင်သူများအနေဖြင့် တစ်ဧက ဖရဲစိုက်ခင်း တစ်ခင်းလျှင် ဖရဲသီးအလုံးရေ သုံးရာခန့် ထွက်ရှိ သည့်အတွက် ဖရဲစိုက်တောင်သူတစ်ဦး ချင်းအတွက် နွေရာသီ အပိုဝင်ငွေရ သီးနှံဖြစ်သည်။ ယခုကဲ့သို့ ဖရဲသီး ရာသီချိန်တွင် တောင်ကြီးဈေးကွက်၌ အောက်မြန်မာနိုင်ငံမှ ထွက်ရှိသည့် ဖရဲသီးတစ်လုံး၏ ဈေးနှုန်းကို ငွေကျပ် တစ်ထောင်မှ ငွေကျပ် တစ်ထောင့်ငါးရာဖြင့် ရောင်းချနေသည့် အချိန်တွင် ဆောင်းပါးရှင်တို့ ဆီဆိုင်မြို့ ဈေးနေ့အပါအဝင် အခြား ဒေသများ၏ ငါးရက်တစ်ဈေးနေ့ များတွင် ဒေသခံဖရဲသီး ဈေးသည် များက သူတို့ ခြံထွက်ဖရဲသီးများ ကို တစ်လုံးလျှင် ငွေကျပ်သုံးရာမှ ငါးရာအထိသာ စားသုံးသူများ ကြိုက်သလောက် ဝယ်ယူနိုင်အောင် ရောင်းချပေးနေကြသည်ကို တွေ့မြင် နေရသည်။ ဆောင်းပါးရှင်အနေနှင့် မည်သည့် စားသုံးသီးနှံမျိုးကိုမဆို ဒေသမရွေး တစ်နိုင်တစ်ပိုင် တကယ် စိုက်ပျိုးကြလျှင် တကယ်စီးပွားဖြစ် ရရှိနိုင်ပါကြောင်း ဈေးနှုန်းကချို အသီးကချိုသည့် ဝင်ငွေမနည်းသော ရှမ်းဖရဲအကြောင်းကို သတင်း ဆောင်းပါးအဖြစ် ယခုကဲ့သို့ ရေးသားတင်ပြ လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်မှ ဖရဲစိုက်တောင်သူ များ ဒီဇင်ဘာလ ဒုတိယပတ် ခန့်တွင် ဖရဲကို ဤသို့စတင် စိုက်ပျိုးကြသည်။

ဖရဲပင်များ ဇန်နဝါရီလ ပထမပတ်ခန့်တွင် အပင်ငယ်များ အဖြစ် ပေါက်ကြသည်ကို တွေ့မြင် ရစဉ်။

အမြို့မြို့အနယ်နယ်၌ လမ်း၊ တံတားနှင့် ရေလှောင်ကန်ဖွင့်

ဗန်းမော်မြို့ နောင်ခိုရပ်ကွက် နောင်ခို-ကုန်းခါး-မင်းလှ ကျောက်ချော လမ်းပေါ်၌ အရှည် ပေ ၉၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ၁၅ ပေရှိ သစ်သား တံတားဖွင့်ပွဲကို မတ် ၁၆ ရက်က ကျင်းပရာ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် ရွှေကူမြို့နယ် ရွှေကူ-တိန်းဟွန်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ် ၂၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ချင်းပြည်နယ် ဖလမ်းမြို့ ရေပေးဝေရေးအတွက် ရေပိုက်လိုင်းနှင့် ရေဂါလန် ၂၅၀၀၀ဆံ့ ရေလှောင်ကန်သစ်ဖွင့်ပွဲကို မတ် ၁၉ ရက်က အဆိုပါ ရေလှောင်ကန် သစ်မုခ်ဦး၌ ကျင်းပရာ ဖလမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်း၊ အမှုဆောင် အရာရှိ ဦးထလာဟရဲနှင့် မြို့မိမြို့ဖ ဦးတီးလ်လွယ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ စဉ်။ (မြို့နယ်စည်ပင်)

မိုးညိုမြို့နယ်၌ အောင်ဆုပန် ဂဝံလမ်းဖွင့်ပွဲကို မတ် ၂၂ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးလှမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်မိုးသိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ခုံကြီးကျေးရွာ အဝင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့ ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဈေးနှုန်းကချို အသီးကချို ဝင်ငွေကမနည်း ရှမ်းဖရဲ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ သန်းမြင့်(ဆီဆိုင်)

နေပြည်တော် ဧပြီ ၈

ယခုနှစ် မတ်လကုန်ပြီဆိုတော့ ဆောင်းရာသီအကုန် နွေရာသီအကူး လေရူးနှင့်အတူ အပူရှိန်က တငွေ့ငွေ့ဖြင့် တစ်နေ့တခြား တိုးလာခဲ့ပြီ။

စားသုံးတတ်ကြ

တစ်နေ့တခြား ပူပြင်းလာသော ရာသီဥတု၏ အပူဒဏ်ကို ခံနိုင်စွမ်းရှိပြီး ရာသီနှင့်ဆန့်ကျင်ဘက်ဖြစ်သည့် အေးမြသော အစားအစာများကို လူအများ နှစ်သက်စွာ ရှာဖွေစားသုံးတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။



ဆီဆိုင်မြို့မ ငါးရက်တစ်ဈေးတွင် ဖရဲစိုက်တောင်သူများက ခြံထွက် ဖရဲသီးများကို ဤသို့ ရောင်းချကြသည်။

ပူပြင်းသော နွေရာသီနှင့် လိုက်ဖက်ညီသည့် လူအများနှစ်သက်ရာ သဘာဝအအေးစာ သီးနှံတစ်မျိုးမှာ ဖရဲသီးဖြစ်သည်။

သက်သာပျောက်ကင်းနိုင်

ဖရဲသီးသည် ပူပြင်းသောနွေရာသီနှင့် လိုက်ဖက်ညီပြီး အပူဒဏ်ကို သက်သာစေနိုင်သော ချိုမြွေးအေးမြသည့် စားသုံးသီးနှံဖြစ်ရုံသာမက ဖရဲသီး၏ ပင်ကိုသဘာဝ အာဟာရမှာ ဝမ်းမီးတို့ကို ငြိမ်းအေးစေသည်။ ကျန်းမာရေးအတွက် ကျောက်ကပ်ရောဂါ၊ ဆီးရောဂါတို့ကို သက်သာ ပျောက်ကင်းစေနိုင်သည့်အပြင် လတ်တလော မူးဝေမောပန်းခြင်းဝေဒနာကိုပါ သက်သာပျောက်ကင်းစေနိုင်သော ရာသီသီးနှံတစ်မျိုးဖြစ်သည်။

ဖရဲသီးကို ဒေသအလိုက် အစိမ်းရင့်နှင့် အခွံအကျားမျိုးများအဖြစ် တွေ့ရပြီး အတွင်းသားမှာ နီရဲရဲအဆင်းနှင့် အဝါရောင်အဆင်း နှစ်မျိုး ထွက်ရှိသည်ကို တွေ့ရှိရသည်။ သို့သော် စားသုံးမှုအရသာမှာ ချိုမြွေးအေးမြတာချင်း အတူတူပင်ဖြစ်သည်။ ဖရဲသီးကို နွေရာသီစာအဖြစ် အပူဒဏ်ခံ စားသုံးသီးနှံအဖြစ်သာမက ဖရဲအစေ့များကိုလည်း အခြောက်လှမ်း၍ ကွာစေ့လှော်အဖြစ် လူအများ တစ်နှစ်ပတ်လုံး ရောင်းဝယ်စားသုံးနေကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

လိုက်ဖက်ညီ

ဖရဲသီးပင်သည် မြေကပ်နွယ်ပင် အမျိုးအစားဖြစ်သော်လည်း သီးလာသည့် ဖရဲသီးများမှာ အပင်နှင့်မလိုက်။ လုံးပတ်တစ်ပေခွဲ၊ နှစ်ပေခန့်အထိ ကြီးမားသည်။ အာဟာရပြည့်ဝကာ အရည်ရွှမ်းပြီး မွှေးပျံ့ချိုအေးသော သီးနှံမျိုးဖြစ်သောကြောင့် ပူပြင်းသော နွေရာသီနှင့် လိုက်ဖက်ညီနေခြင်း ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ ၈-၄-၂၀၁၁

ချောက်မြို့	၄၂ ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၁ ဒီဂရီစင်တီဂရိတ်
ဆင်ဖြူကျွန်းမြို့	၄၁ ဒီဂရီစင်တီဂရိတ်

မိုးရွာသွန်းမှု ၈-၄-၂၀၁၁

ကော့သောင်းမြို့	၁ ဒသမ ၃၅ လက်မ
ကျိုင်းတုံမြို့	၀ ဒသမ ၂၇ လက်မ